၆။ **စတုတ္ထတန်းအတွက် သင်ကြားမှုပုံစံနှင့်ပတ်သက်၍ လမ်းညွှန်ချက်များ**

စတုတ္ထတန်း လူမှုရေးဘာသာရပ်၏သင်ယူမှုပုံစံသည် ယခင်သင်ယူမှုပုံစံများနှင့်မတူဘဲ ကွဲပြားမှုရှိပါသည်။ ကျောင်းသုံးစာအုပ်ပါ ဖော်ပြချက်များကို အလွတ်ကျက်မှတ်သင်ယူရခြင်းမျိုးမဟုတ်ပါ။ သင်ယူမှုပုံစံအသစ်တွင် ကျောင်းသားများတဖြည်းဖြည်းချင်း သင်ယူရရှိသွားစေရန် ဆရာသည် အလျင်စလိုမလုပ်ဘဲ အချိန်ယူဆောင်ရွက်ရမည်ဖြစ်ပါသည်။

၇။ **စတုတ္ထတန်းအတွက် စစ်ဆေးအကဲဖြတ်ခြင်းပြုလုပ်ရာတွင် သတိပြုရမည့်အချက်များ**

စတုတ္ထတန်း ကျောင်းသုံးစာအုပ်ပါအကြောင်းအရာများကို ကျောင်းသားများနားလည်ရုံသာမက အချက်အလက်များ(data)ကို ဖတ်ရှုလေ့လာပြီး ထိုအချက်အလက်များ(data)ကိုအသုံးပြု၍ အကြောင်းအရာများဖန်တီးတတ်ရန် အလွန်အရေးကြီးပါသည်။ ထို့ကြောင့် ကျောင်းသားများကို စစ်ဆေးရာ၌

- ☞ အကြောင်းအရာတစ်ခုလုံးကို ခြုံငုံနားလည်သဘောပေါက်ခြင်း ရှိ မရှိ
- ☞ အမျိုးမျိုးသောအချက်အလက်များ(data)ကို မှန်ကန်စွာဖတ်ရှုနိုင်ခြင်း ရှိ မရှိ
- ☞ ဆီလျော်သောသတင်းအကြောင်းအရာများကို ပြန်လည်စုစည်းနိုင်ခြင်း ရှိ မရှိ တို့ကိုစစ်ဆေးရမည်ဖြစ်ပါသည်။

ကျောင်းသားများ၏ ဘာသာရပ်ဆိုင်ရာနားလည်မှုအဆင့်မြင့်မားရန်၊ သင်ယူလိုသည့်စိတ်များဖြစ်ပေါ်ရန် ဆရာများသည် ကျောင်းသားများ၏တတ်မြောက်မှုကိုစစ်ဆေးအကဲဖြတ်၍ တစ်ဦးချင်းစီကို သုံးသပ်မှုပေးရပါမည်။ ထိုကဲ့သို့ ဆောင်ရွက်ရာတွင် တတ်မြောက်မှုစစ်ဆေးခြင်းကို သင်ခန်းစာသင်ကြားပြီးစစ်ဆေးခြင်းထက် သင်ယူနေစဉ်စစ်ဆေးခြင်းကို ပိုမိုဆောင်ရွက်ရမည်ဖြစ်ပါသည်။ သင်ခန်းစာသင်ယူနေစဉ်စစ်ဆေးခြင်းသည် ဆရာနှင့်ကျောင်းသားများ၏ လက်ရှိအခြေအနေကို နားလည်ရန်ရည်ရွယ်ပါသည်။ ဆိုလိုသည်မှာ သင်ခန်းစာနှင့်ပတ်သက်၍ ကျောင်းသားများမည်မျှနားလည်သည်၊ ဆရာက မည်မျှထိရောက်စွာ သင်ကြားနိုင်သည်ကို သိရှိရန်ဖြစ်ပါသည်။ စစ်ဆေးအကဲဖြတ်ခြင်းကို သင်ခန်းစာတိုင်း၌ ဆောင်ရွက်ရပါမည်။ စစ်ဆေးအကဲဖြတ်ရာတွင် နှုတ်မေးနှုတ်ဖြေဖြင့်သော်လည်းကောင်း၊ ပုံဖြင့်ဖော်ပြခြင်းဖြင့်သော်လည်းကောင်း၊ သင်ယူမှုလုပ်ငန်းစဉ်တစ်လျှောက်လုံး စောင့်ကြည့်အကဲဖြတ်ခြင်းဖြင့်သော်လည်းကောင်း နည်းအမျိုးမျိုးဖြင့်ဆောင်ရွက်နိုင်ပါသည်။ ထိုသို့စစ်ဆေးနိုင်ရန် ကျောင်းသုံးစာအုပ်ပါမေးခွန်းများကို ဖြစ်စေ၊ ဆရာကိုယ်တိုင်ပြုစုထားသော မေးခွန်းများကိုဖြစ်စေ အသုံးပြုနိုင်ပါသည်။

ကျောင်းသားများ၏ နားလည်မှုအတိုင်းအတာအဆင့်စစ်ဆေးသည့် မေးခွန်းများကို မှတ်မိနိုင်မှု(remembering)၊ နားလည်နိုင်မှု(understanding)၊ အသုံးချနိုင်မှု(applying) စသည်ဖြင့် အဆင့်ခွဲထားပါသည်။ ဆရာများအနေဖြင့် စစ်ဆေးအကဲဖြတ်ခြင်း၏ ရည်ရွယ်ချက်ပေါ်မူတည်၍ မေးခွန်းများကို ရွေးချယ်အသုံးပြုနိုင်ပါသည်။ စတုတ္ထတန်း ကျောင်းသားများအတွက် Rubric ပုံစံဖြင့် စစ်ဆေးအကဲဖြတ်ခြင်းကို ပိုမိုအသုံးပြုသင့်ပါသည်။ ဤနည်းဖြင့် ကျောင်းသားများ၏ စိတ်နေသဘောထားများ၊ တွေးတောကြံဆမှုများ၊ ကျွမ်းကျင်မှုများအပါအဝင် သင်ယူမှုလုပ်ငန်းများကို ဘက်ပေါင်းစုံမှ စစ်ဆေးအကဲဖြတ်နိုင်ပါသည်။ ဤနည်းကို အသုံးပြုနိုင်ရန် ဆရာများအနေဖြင့် မိမိသင်ကြားလိုသည့် အခန်း သို့မဟုတ် သင်ခန်းစာမစတင်မီ စစ်ဆေးအကဲဖြတ်မှု၏ တိကျသည့်စံသတ်မှတ်ချက်ကို ဦးစွာချမှတ်ရပါမည်။ Rubric ပုံစံကို နမူနာအနေဖြင့်ဖော်ပြထားပါသည်။

ဥပမာ-

**မေးခွန်း။** ဒေသတစ်ခုတွင် လူနေထိုင်မှု အနည်းအများသည် မည်သည့်အရာများနှင့် ဆက်နွယ်မှုရှိသည်ဟု သင်ထင်သနည်း။ အဘယ်ကြောင့်နည်း။

| စစ်ဆေးမည့်အချက် | အလွန်ကောင်း | ကောင်း | ထပ်မံကြိုးစားရန် |
|---|---|---|---|
| ဆက်နွယ်မှုရှိသည့် အချက်များကို ဖော်ပြနိုင်ခြင်း (မြေမျက်နှာသွင်ပြင်၊ ရာသီဥတုနှင့် အခြား အကြောင်းအရာများ) (အသိသညာ) | ဆက်နွယ်မှုရှိသည့် အချက် ၂ ချက်ထက်ပို၍ ဖော်ပြနိုင်သည်။ | ဆက်နွယ်မှုရှိသည့်အချက်များထဲမှ အချက် ၂ ချက်ကို ဖော်ပြနိုင်သည်။ | ဆက်နွယ်မှုရှိသည့် အချက် ၂ ချက်ကို ဖော်ပြနိုင်ရန် ခက်ခဲသည် သို့မဟုတ် ၁ ချက်ကိုသာ ဖော်ပြနိုင်သည်။ |

DREF BOX

| စစ်ဆေးမည့်အချက် | အလွန်ကောင်း | ကောင်း | ထပ်မံကြိုးစားရန် |
|---|---|---|---|
| အကြောင်းပြချက်ပေးနိုင်ခြင်း။<br><br>(ကျွမ်းကျင်မှု) | ဆက်နွယ်မှုရှိသည့်အချက် ၁ ချက်ထက်ပို၍ အကြောင်းပြချက်ဖြင့်ဖော်ပြနိုင်သည်။ | ဆက်နွယ်မှုရှိသည့်အချက် ၁ ချက်ကို အကြောင်းပြချက်ဖြင့် ဖော်ပြနိုင်သည်။ | အကြောင်းပြချက် ဖော်ပြရန် ခက်ခဲသည်။ |

**မေးခွန်း။** တောင်ငူခေတ် လူ့အဖွဲ့အစည်း၏ လူနေမှုပုံစံများကို ဖော်ပြပါ။ တောင်ငူခေတ် လူနေမှုပုံစံနှင့် ယခုခေတ်ပုံစံ **တူညီမှုရှိသည်** သို့မဟုတ် **မရှိသည်**ဆိုသည့် အကြောင်းအရာများကို အကြောင်းပြချက်ဖြင့် ဖြေဆိုပါ။

| စစ်ဆေးမည့်အချက် | အလွန်ကောင်း | ကောင်း | ထပ်မံကြိုးစားရန် |
|---|---|---|---|
| တောင်ငူခေတ် လူ့အဖွဲ့အစည်း၏ လူနေမှုပုံစံကို ဖော်ပြနိုင်ခြင်း။<br>(အသိသညာ) | တောင်ငူခေတ်၏ လူနေမှုပုံစံများကို ၂ ချက်ထက်ပို၍ဖော်ပြနိုင်သည်။ | တောင်ငူခေတ်၏ လူနေမှုပုံစံများမှ အချက် ၂ ချက်ကို ဖော်ပြနိုင်သည်။ | တောင်ငူခေတ်၏ လူနေမှုပုံစံများထဲမှ အချက် ၂ ချက်ကို ဖော်ပြနိုင်ရန် ခက်ခဲသည် သို့မဟုတ် ၁ ချက်ကိုသာ ဖော်ပြနိုင်သည်။ |
| တောင်ငူခေတ်လူနေမှုပုံစံနှင့် ယခုခေတ်ပုံစံတူညီမှုရှိသည် သို့မဟုတ် မရှိသည်ကို အကြောင်းပြချက်ဖြင့် ဖော်ပြခြင်း။<br>(ကျွမ်းကျင်မှု) | တောင်ငူခေတ်လူနေမှု ပုံစံနှင့် ယခုခေတ်ပုံစံ တူညီမှုရှိသည် သို့မဟုတ် မရှိသည်ဆိုသည့် အကြောင်းအရာများအနက် ၃ ချက် နှင့်အထက်ကိုအကြောင်းပြချက်ဖြင့်ဖော်ပြနိုင်သည်။ | တောင်ငူခေတ်လူနေမှု ပုံစံနှင့် ယခုခေတ်ပုံစံ တူညီမှုရှိသည် သို့မဟုတ် မရှိသည်ဆိုသည့် အကြောင်းအရာများအနက် ၂ ချက်ကို အကြောင်းပြချက်ဖြင့်ဖော်ပြနိုင်သည်။ | တောင်ငူခေတ်လူနေမှုပုံစံနှင့် ယခုခေတ်ပုံစံ တူညီမှုရှိသည် သို့မဟုတ် မရှိသည်ဆိုသည့် အကြောင်းအရာများအနက် ၁ ချက်ကိုအကြောင်းပြချက်ဖြင့် ဖော်ပြရန် ခက်ခဲသည်။ |

### ၈။ ကျောင်းသုံးစာအုပ်ဖွဲ့စည်းပုံ

စတုတ္ထတန်း ကျောင်းသုံးစာအုပ်သည် ကျောင်းသားများအား ကမ္ဘာနှင့်ပတ်သက်သည့် အသိအမြင်များကို ကျယ်ကျယ်ပြန့်ပြန့် သိမြင်လာစေမည်။ ယခင်က မိသားစု၊ ကျောင်း၊ ရွာနှင့် မြို့အကြောင်းတို့ကိုသာသင်ယူခဲ့ပြီး ယခု စတုတ္ထတန်းတွင် မြန်မာနိုင်ငံအကြောင်းကို ပိုမိုကျယ်ပြန့်စွာလေ့လာကြရမည်။ ထို့ပြင် သမိုင်းပိုင်းဆိုင်ရာသင်ယူမှု အကြောင်းအရာများနှင့်ပတ်သက်၍ သမိုင်းဝင်ပုဂ္ဂိုလ်များနှင့် သက်ဆိုင်သည့် အကြောင်းအရာများသာမက မြန်မာ့သမိုင်းအကြောင်းအရာများကို ပညာရပ်ဆန်စွာ ပိုမိုလေ့လာကြရမည်ဖြစ်သည်။